Australian Government
Department of Health, Disability and Ageing



# အခွင့်အရေးအခြေပြု သက်ကြီးစောင့်ရှောက်ရေး ဥပဒေသစ်

သက်ကြီးစောင့်ရှောက်ရေးဥပဒေသစ်သည် သက်ကြီးရွယ်အိုများ၏အခွင့်အရေးများကို ဦးစားပေးထားပါသည်။ ၎င်းတွင် သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများအသုံးပြုနေသော သက်ကြီးရွယ်အိုများအတွက် Statement of Rights [အခွင့်အရေးကြေညာချက်] ပါဝင်ပါသည်။ ဤအချက်အလက်စာရွက်သည် ထိုအခွင့်အရေးများကို ရိုးရှင်းစွာဖော်ပြထားသည့်အကျဉ်းချုပ် ဖြစ်ပါသည်။

## အခွင့်အရေးကြေညာချက်အကြောင်း

ဩစတြေးလျအစိုးရသည် ဩစတြေးလျနိုင်ငံ၏ သက်ကြီးစောင့်ရှောက်ရေးဥပဒေများကို ပြောင်းလဲနေပါသည်။ *Aged Care Act 2024* [*သက်ကြီးစောင့်ရှောက်ရေး ဥပဒေ ၂၀၂၄*] (ဤဥပဒေသစ်)တွင် အခွင့်အရေးကြေညာချက် ပါဝင်ပါသည်။ ဤတွင် ဩစတြေးလျအစိုးရမှ ထောက်ပံ့မှုပေးထားသော သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများအသုံးပြုရာတွင် သက်ကြီးရွယ်အိုများ ရရှိထားသော အခွင့်အရေးများကို ရှင်းပြထားပါသည်။ အခွင့်အရေးကြေညာချက်သည် လက်ရှိ သက်ကြီးစောင့်ရှောက်ရေးအခွင့်အရေးသဘောတူစာတမ်းကို 2025 နိုဝင်ဘာ 1 ရက်တွင် အစားထိုးမည် ဖြစ်သည်။

ဥပဒေသစ်ပါ အခွင့်အရေးကြေညာချက် အပြည့်အစုံကို ဤအချက်အလက်စာရွက်၏အဆုံးပိုင်းတွင် ဖော်ပြထားပါသည်။

## ဤအခွင့်အရေးကြေညာချက်က သင့်အပေါ် အကျိုးသက်ရောက်မှုများ

ဤအခွင့်အရေးကြေညာချက်သည် သင့်သက်ကြီးစောင့်ရှောက်ရေးတွင် သင်အား အဓိကထားကြောင်း သေချာစေရန် ကူညီပါမည်။

၎င်းသည် သင့်အား အောက်ပါအခွင့်အရေးများ ပေးအပ်ပါသည်-

- သင့်ဘဝအပေါ် သင်ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း
- သင်၏ ဆုံးဖြတ်ချက်များကို လက်ခံပေးသည့်အပြင် လေးစားမှုရှိခြင်း

- သင် ဆုံးဖြတ်ချနိုင်ရန် အထောက်အကူပြုသတင်းများနှင့် ပံ့ပိုးကူညီမှုများ ရရှိခြင်း
- သင့်ဆန္ဒ၊ လိုအပ်ချက်နှင့် နှစ်သက်မှုများကို ပြောဆိုခွင့်ရှိခြင်း
- ဘေးကင်းပြီး လေးစားခံရသည်ဟု ခံစားမှုရှိခြင်း
- သင့်ဓလေ့ထုံးတမ်းနှင့် သင်ဖြစ်တည်မှုကို လေးစားမှု ရှိခြင်း
- သင်၏ လူမှုအသိုင်းအဝိုင်းနှင့် ချိတ်ဆက်ခွင့်ရှိခြင်း။

## လွတ်လပ်မှု၊ ရွေးချယ်နိုင်မှုနှင့် ထိန်းချုပ်နိုင်မှု

သင့်တွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပြီး အောက်ပါအရာများအပေါ် ထိန်းချုပ်ခွင့်ရှိပါသည်-

- သင်အသုံးပြုနိုင်သော ထောက်ပံ့ထားသည့်သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများ
- ထောက်ပံ့ထားသည့်သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများ အသုံးပြုနည်းနှင့် ပံ့ပိုးပေးမည့်သူ
- သင်၏ ငွေကြေးနှင့် ကိုယ်ပိုင်ပစ္စည်းများ။

သင် လိုအပ်ပါက ထိုဆုံးဖြတ်ချက်များ ချနိုင်ရန် အထောက်အကူနှင့် ပံ့ပိုးမှုများ ရရှိပိုင်ခွင့် ရှိပါသည်။

ကိုယ်ရေးအန္တရာယ်အနည်းငယ်ရှိစေကာမူ သင် နေထိုင်လိုသည့်နည်းကို ရွေးချယ်ပိုင်ခွင့်လည်း ရှိပါသည်၊ ဥပမာအားဖြင့် သင့်၏ လူမှုဘဝနှင့် အိမ်ထောင်ရေးရွေးချယ်မှုများ။

## တရားမျှတသောအသုံးပြုခွင့်

သင်လိုအပ်သော ထောက်ပံ့ထားသည့် သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများ ရှာဖွေရာတွင် တရားမျှတ တိကျမှန်ကန်သော အကဲဖြတ်မှု ရပိုင်ခွင့် ရှိပါသည်။

ဤအကဲဖြတ်မှုကို သင့်အတွက် သင့်လျော်သည့်နည်းဖြင့် ဆောင်ရွက်ပေးရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ သင်၏ အကြောင်းများကို လေးစားရပါမည်-

- ဓလေ့ထုံးစံနှင့် နောက်ခံအခြေအနေ
- ကိုယ်ပိုင်အတွေ့အကြုံများနှင့် ကြုံတွေ့ခဲ့သော စိတ်ဒဏ်ရာများ
- အသိကင်းမဲ့ခြင်းကဲ့သို့သော သိမြင်နိုင်စွမ်းဆိုင်ရာ အခြေအနေများ။

သင်လိုအပ်သည့်အချိန်တွင် သင်လိုအပ်သည့်စောင့်ရှောက်မှုကို ရရှိပိုင်ခွင့်လည်း ရှိပါသည်။ ၎င်းတွင် ရောဂါဆိုးများအတွက် သက်သာစေသော စောင့်ရှောက်မှုနှင့် ဘဝနိဂုံးစောင့်ရှောက်မှုတို့လည်း ပါဝင်ပါသည်။

## ဘေးကင်းရေးနှင့် အရည်အသွေး

သင့်အပေါ် ဂုဏ်သိက္ခာရှိစွာလေးစားမှုဖြင့် ဆက်ဆံပြီး ဘေးကင်းအရည်အသွေးရှိ တရားမျှတသော ထောက်ပံ့ထားသည့် သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများကို ရရှိပိုင်ခွင့်ရှိပါသည်။

၎င်းတွင် အောက်ပါတို့ပါဝင်သော ထောက်ပံ့ထားသည့် သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများကို အသုံးပြုပိုင်ခွင့်လည်း ပါဝင်ပါသည်-

- သင်၏ ဖြစ်တည်မှု၊ ဓလေ့ထုံးတမ်းနှင့် နောက်ခံအခြေအနေများကို တန်ဖိုးထားပံ့ပိုးပေးခြင်း
- သင်၏ စိတ်ဒဏ်ရာများအပါအဝင် အတွေ့အကြုံများကို လေးစားပေးခြင်း
- သင်၏ လိုအပ်ချက်များဖြည့်ဆည်းပေးပြီး ရယူသုံးစွဲနိုင်ခြင်း
- အကြမ်းဖက်မှု၊ အနိုင်ကျင့်မှုနှင့် လျစ်လျူရှုမှုများမှ ကင်းလွတ်ခြင်း။

သင်သည် အောက်ပါသူများထံမှ ထောက်ပံ့ထားသည့်သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများကို အသုံးပြုပိုင်ခွင့် ရှိပါသည်-

- သင့်လျော်သော လေ့ကျင့်မှု၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသော ဝန်ထမ်းများ
- သက်ကြီးစောင့်ရှောက်ရေး ဥပဒေများအောက်ရှိ သတ်မှတ်ချက်အားလုံးနှင့် ကိုက်ညီသော လုပ်ငန်းဌာနများ။

သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများအသုံးပြုနေစဉ် ဘေးမကင်းဟု ခံစားရပါက ရှေ့နေများ၊ လူမှုဝန်ထမ်းများနှင့် အခြား ကျွမ်းကျင်ပညာရှင်များထံမှ အခမဲ့ အထောက်အကူများ ရယူနိုင်ပါသည်။ သက်ကြီးရွယ်အိုများ အနိုင်ကျင့်မှုမှ ကာကွယ်ရေးဆိုင်ရာသတင်းများ ပိုမိုသိရှိရန် ရှေ့နေချုပ်၏ ဝဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## သင်၏ ကိုယ်ရေးနှင့် အကြောင်းများကို လေးစားခြင်း

သင့်အတွက် လုပ်ငန်းဆောင်ရွက်သူသည် အောက်ပါအချက်များကို လိုက်နာရမည်-

- သင်၏ ကိုယ်ရေးလွတ်လပ်ခွင့်ကို လေးစားခြင်း
- သင်၏ ကျန်းမာရေးနှင့် ငွေကြေးအကြောင်းကဲ့သို့သော ကိုယ်ရေးကိုယ်တာများကို ကာကွယ်ပေးခြင်း
- သင်၏ ကိုယ်ရေးကိုယ်တာ အကြောင်းများကို ကိုယ်စားပြုကူညီသူ သို့မဟုတ် ရှေ့နေကဲ့သို့သော အခြားသူတစ်ဦးဦးထံ ပေးရမည့်အချိန်ကို သင်ကိုယ်တိုင် ရွေးချယ်နိုင်ခွင့် ရှိခြင်း။

သင်၏ အခွင့်အရေးများနှင့် သင်အသုံးပြုနေသော ထောက်ပံ့ထားသည့်သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများအကြောင်း မှတ်တမ်းများနှင့် အချက်အလက်များကို ရရှိပိုင်ခွင့်ရှိပါသည်။ ၎င်းတွင် ကုန်ကျစရိတ်များလည်း ပါဝင်ပါသည်။

## သင်၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ဆက်ဆံရေး

သင်တွင် အောက်ပါအခွင့်အရေးများ ရှိပါသည်-

- သင်နားလည်နိုင်သည့် နည်းဖြင့် သတင်းအချက်အလက်များ ရရှိပိုင်ခွင့်ရှိခြင်း
- တုန့်ပြန်အကြံပြုချက်များ ပေးပိုင်ခွင့်ရှိခြင်း။

သင်နှစ်သက်ရာ ဘာသာစကား သို့မဟုတ် ဆက်သွယ်နည်းဖြင့် ဆက်သွယ်ပိုင်ခွင့်ရှိပါသည်။ ၎င်းတွင် စကားပြန်များ၊ ဆက်သွယ်ရေး အထောက်အကူပစ္စည်းများကို လိုအပ်ပါက အသုံးပြုနိုင်ခြင်းလည်း ပါဝင်ပါသည်။

ထို့အပြင် သင့်အတွက် သင့်လျော်ရာနည်းဖြင့် သင့်၏ လုပ်ငန်းဆောင်ရွက်သူများနှင့် ပံ့ပိုးကူညီသူများအား တွေ့ဆုံပိုင်ခွင့်လည်း ရှိပါသည်။ ဥပမာအားဖြင့် သင့်အတွက် အဆင်ပြေဆုံးနေ့အချိန်တွင် တွေ့ဆုံဆက်သွယ်နိုင်ခြင်းကို ဆိုလိုပါသည်။

## ပြဿနာများကို လျင်မြန်စွာနှင့် တရားမျှတစွာ တင်ပြနိုင်ရန် အထောက်အကူပေးခြင်း

သင် အသုံးပြုနေသော ထောက်ပံ့ထားသည့်သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများတွင် ပြဿနာများရှိလာပါက သင့်တွင် အောက်ပါ အခွင့်အရေးများ ရှိပါသည်-

- သင်၏ လုပ်ငန်းဆောင်ရွက်သူထံမှ အထောက်အကူ ရရှိပိုင်ခွင့်ရှိခြင်း
- ကြောက်ရွံ့မှု သို့မဟုတ် အပြစ်ပေးခံရမည်ကို စိုးရိမ်မှု မရှိဘဲ တိုင်ကြားပိုင်ခွင့်ရှိခြင်း
- သင်၏ တိုင်ကြားချက်များအပေါ် လျင်မြန်ပြီး တရားမျှတသော တုံ့ပြန်မှု ရရှိပိုင်ခွင့်ရှိခြင်း။

## လူများ၊ လူမှုအသိုင်းအဝိုင်းနှင့် ဆက်သွယ်ရာတွင် အထောက်အကူနှင့် ပံ့ပိုးမှု

သင်၏ အခွင့်အရေးများနားလည်ရန်၊ ဆုံးဖြတ်ချက်များချမှတ်ရန်၊ တိုင်ကြားမှုပြုလုပ်ရန် အထောက်အကူ လိုအပ်နိုင်ပါသည်။ ဤအထောက်အကူကို လွတ်လပ်သော ကိုယ်စားပြုကူညီသူ သို့မဟုတ် သင် ရွေးချယ်ထားသူတစ်ဦးထံမှ ရရှိပိုင်ခွင့်ရှိပါသည်။

သင့်တွင် သင့်ရှေ့နေ သို့မဟုတ် ပံ့ပိုးကူညီသူနှင့် သင်နှစ်သက်သည့် အချိန်မရွေး ဆက်သွယ်ပြောဆိုခွင့်ရှိသည်။

လုပ်ငန်းဆောင်ရွက်သူများသည် သင့်အတွက် အရေးပါသူများ၏ အခန်းကဏ္ဍကို လေးစားရပါမည်၊ ဥပမာအားဖြင့် မိသားစု၊ သူငယ်ချင်းများနှင့် ပြုစုစောင့်ရှောက်သူများ။

သင့်တွင် အောက်ပါသူများနှင့်ဆက်သွယ်နေရန် အခွင့်အရေးရှိသည်-

- သင့်အတွက် အရေးကြီးသူများ
- အပန်းဖြေခြင်း သို့မဟုတ် ရိုးရာဆောင်ရွက်မှုတွင်ပါဝင်ခြင်းစသော သင်၏အသိုင်းအဝိုင်း
- သင့်အိမ်မွေးတိရစ္ဆာန်များ။

ဌာနေကျွန်းသားနှင့် တော်ရီရေလက်ကြားကျွန်းသားများသည် ၎င်းတို့၏ ရပ်ရွာ၊ နိုင်ငံနှင့် ကျွန်းနေအိမ်တို့နှင့် ချိတ်ဆက်နေခွင့်ရှိသည်။

## သင်၏အခွင့်အရေးများအား ထိန်းသိမ်းနည်း

သင့် လုပ်ငန်းဆောင်ရွက်သူသည် အခွင့်အရေးများထုတ်ပြန်ချက်ကို နားလည်ပြီး လိုက်နာရပါမည်။ မလိုက်နာပါက Complaints Commissionerထံ တိုင်ကြားနိုင်ပါသည်။

အွန်လိုင်း၊ ဖုန်း သို့မဟုတ် စာဖြင့် သင် တိုင်ကြားနိုင်ပါသည်။ နောက်ထပ်သတင်းထုတ်ပြန်ချက်များအတွက် Aged Care Quality and Safety Commission [သက်ကြီးစောင့်ရှောက်မှုအရည်အသွေးနှင့် ဘေးကင်းရေး ကော်မရှင်]ဝဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုပါ။

တိုင်ကြားရန် သို့မဟုတ် သတင်းထုတ်ပြန်ချက်ရှာဖွေရန် ကူညီမှုလိုအပ်ပါက၊ Older Persons Advocacy Network (OPAN) သို့ 1800 700 600 မှတဆင့် ဖုန်းခေါ်ပါ။

OPAN တွင် သင့်အားကူညီရန် အခမဲ့၊ လွတ်လပ်သော ပေါက်ကြားမှုမရှိစေမည့် ကိုယ်စားဆောင်ရွက်သူများ ရှိပါသည်။

## ဥပဒေသစ်အရ အခွင့်အရေးကြေညာချက် အပြည့်အစုံ

အောက်ပါတို့သည် ဥပဒေသစ် ပုဒ်မ 23ပါ အခွင့်အရေးကြေညာချက်အပြည့်အစုံ ဖြစ်ပါသည်။

*လွတ်လပ်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ လုပ်ပိုင်ခွင့်နှင့် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်*

(1) လူတစ်ဦးတစ်ယောက်တွင် အောက်ပါရပိုင်ခွင့်များ ရှိပါသည်-

(a) အောက်ပါတို့နှင့်ဆက်စပ်၍ လူတစ်ဦးစီ၏ဘဝအပေါ် သက်ရောက်မှုရှိသော ရွေးချယ်မှုပြုလုပ်ခွင့်နှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်-

(i) တစ်ဦးချင်းအတွက် ရယူရန် အတည်ပြုထားပြီးသော ထောက်ပံ့ထားသည့်သက်ကြီးစောင့်ရှောက်ရေး လုပ်ငန်းများ၊

(ii) ထိုလုပ်ငန်းများကို တစ်ဦးချင်းထံသို့ ရယူနည်း၊ ရယူချိန်နှင့် ပေးမည့်သူ-

(iii) တစ်ဦးချင်း၏ဘဏ္ဍာရေးကိစ္စများနှင့် ကိုယ်ပိုင်ပိုင်ဆိုင်မှုများအပြင်

(b) ထိုဆုံးဖြတ်ချက်များချမှတ်ရန်အတွက် (လိုအပ်ပါက) ပံ့ပိုးကူညီမှုနှင့် ထိုဆုံးဖြတ်ချက်များကို လေးစားမှုအပြင်

(c) တစ်ဦးချင်းစီ၏ဘဝအရည်အသွေး၊ လူမှုရေးပါဝင်မှုနှင့် မေတ္တာရေးနှင့် လိင်ဆက်ဆံရေးများအပါအဝင် ကိုယ်ရေးစွန့်စားမှု။

*သာတူညီမျှ ရယူခွင့်*

(2) လူတစ်ဦးချင်းစီတွင် အောက်ပါတို့အတွက် သာတူညီမျှ ရယူခွင့်ရှိသည်-

(a) ထောက်ပံ့ထားသည့်သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများအတွက် လူတစ်ဦးချင်းစီ၏ လိုအပ်ချက်ကို အောက်ပါတို့နှင့် လျော်ညီစွာ အကဲဖြတ်ခြင်း သို့မဟုတ် ပြန်လည်အကဲဖြတ်ခြင်းဟူသည့် နည်းလမ်း-

(i) ဓလေ့ထုံးစံမထိခိုက်စေဘဲ၊ဓလေ့ထုံးစံအရ သင့်လျော်သော၊စိတ်ဒဏ်ရာနှင့် ကုသခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့်

(ii) မှတ်ဉာဏ်ချို့ယွင်းခြင်း သို့မဟုတ် အခြားသော နားလည်နိုင်စွမ်းချို့ယွင်းခြင်းရှိသူများနှင့်

(b) လိုအပ်သည့်အခါ ရောဂါဆိုးများနာကျင်မှုသက်သာစေရန်စောင့်ရှောက်မှု နှင့် ဘဝအဆုံးသတ်ရာတွင် စောင့်ရှောက်မှု။

*အရည်အသွေးနှင့် အန္တရာယ်ကင်း သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများ*

(3) လူတစ်ဦးတစ်ယောက်တွင် အောက်ပါရပိုင်ခွင့်များ ရှိပါသည်-

(a) ဂုဏ်သိက္ခာရှိစွာ ဆက်ဆံနိုင်ခွင့်အပြင်

(b) -အန္တရာယ်ကင်းသော၊ တရားမျှတသော၊ သာတူညီမျှရှိသောနှင့် ခွဲခြားဆက်ဆံမှုမရှိသော ဆက်ဆံမှုအပြင်

(c) လူတစ်ဦးချင်းစီ၏ ဝိသေသလက္ခဏာ၊ ဓလေ့ထုံးစံ၊ ဘာသာရေးနှင့် မတူကွဲပြားမှုများကို တန်ဖိုးထား၍ ပံ့ပိုးပေးမှုအပြင်

(d) ထောက်ပံ့ထားသည့်သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများကို လူတစ်ဦးချင်းထံ အောက်ပါအတိုင်း ပေးပို့နေသည်-

(i) ဓလေ့ထုံးစံမထိခိုက်စေသော၊ဓလေ့ထုံးစံအရ သင့်လျော်သော၊စိတ်ဒဏ်ရာများကိုသတိထားခြင်းနှင့် ကုသပေးသည့် နည်းလမ်းဖြင့်အပြင်

(ii) ရရှိစေနိုင်သောနည်းလမ်းဖြင့်အပြင်

(iii) သင့်လျော်သော အရည်အချင်းများ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများရှိသည့် မှတ်ပုံတင်ပေးသူများ၏ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး ဝန်ထမ်းများမှတဆင့်။

(4) လူတစ်ဦးတစ်ယောက်တွင် အောက်ပါရပိုင်ခွင့်များ ရှိပါသည်-

(a) အကြမ်းဖက်မှု၊ ယုတ်ညံ့သော သို့မဟုတ် လူမဆန်စွာ ပြုမူဆက်ဆံမှု၊ ခေါင်းပုံဖြတ်မှု၊ လျစ်လျူရှုမှု၊ အကျပ်ကိုင်မှု၊ အလွဲသုံးစားမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကျင့်ယိုယွင်းမှု အမျိုးမျိုးတို့မှ ကင်းစင်ခြင်းအပြင်

(b) ဤဥပဒေအရ မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်သူများအပေါ် သတ်မှတ်ပြဋ္ဌာန်းထားသော လိုအပ်ချက်များနှင့် တသမတ်တည်း ပံ့ပိုးပေးထားသည့် အရည်အသွေးနှင့် ဘေးကင်းလုံခြုံသော သက်ကြီးရွယ်အို စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ရှိသည်။

မှတ်ရန်- အခန်း 3 အပိုင်း 4 အပိုင်းခွဲ 1 သည် တင်းကျပ်သောအလေ့အကျင့်များအသုံးပြုမှုနှင့် အဖြစ်အပျက်များကို စီမံခန့်ခွဲခြင်းဆိုင်ရာ လိုအပ်ချက်များအပါအဝင် မှတ်ပုံတင်ထားသောဝန်ဆောင်မှုပေးသူများအပေါ် အခြေအနေများနှင့် ညှိနှိုင်းပေးပါသည်။

*ကိုယ်ရေးကိစ္စနှင့် ကိုယ်ရေးအကြောင်းများကို လေးစားမှု*

(5) လူတစ်ဦးတစ်ယောက်တွင် တစ်ဦးချင်းစီတိုင်းအတွက် အောက်ပါ ရပိုင်ခွင့်များ ရှိသည်-

(a) ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်ရေးကိစ္စအပေါ် လေးစားမှုရှိခွင့်နှင့်

(b) ကိုယ်ရေးအကြောင်းများကာကွယ်ထားပိုင်ခွင့်။

(6) လူတစ်ဦးချင်းစီတွင် ဤပုဒ်မအရ တစ်ဦးချင်း၏အခွင့်အရေးများအကြောင်းနှင့် တစ်ဦးချင်းအတွက် ရယူနိုင်သော ကုန်ကျစရိတ်အပါအဝင် ထောက်ပံ့ထားသည့်သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများအကြောင်းများအတွက် မှတ်တမ်းများနှင့် သတင်းများကို ရပိုင်ခွင့်အပြင် လက်ခံရယူခွင့် ရှိပါသည်။

*လူသားဗဟိုပြု ဆက်သွယ်ရေးနှင့် ပြဿနာများကို လက်တုံ့ပြန်ခြင်းမရှိဘဲ တိုင်ကြားပိုင်ခွင့်*

(7) လူတစ်ဦးတစ်ယောက်တွင် အောက်ပါရပိုင်ခွင့်များ ရှိပါသည်-

(a) တစ်ဦးချင်း နားလည်သဘောပေါက်သည့်နည်းလမ်းဖြင့် လူတစ်ဦးတစ်ယောက်ချင်းရရှိသည့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများအကြောင်း အသိပေးမှုအပြင်

(b) ထောက်ပံ့ထားသည့်သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများအကြောင်းကို လူတစ်ဦးချင်းစီ ရယူနိုင်ပြီး ထင်မြင်ယူဆချက်များကို ကြားသိရန် ထုတ်ဖော်နိုင်ခွင့်။

(8) လူတစ်ဦးချင်းစီ၏ နှစ်သက်ရာဘာသာစကား သို့မဟုတ် ဆက်သွယ်ရေးနည်းလမ်းဖြင့် ဆက်သွယ်ပြောဆိုခွင့်ရှိပြီး လိုအပ်ပါက စကားပြန်များနှင့် ဆက်သွယ်မှုအကူအညီများကို ရယူအသုံးပြုခွင့် ရှိပါသည်။

(9) လူတစ်ဦးတစ်ယောက်တွင် အောက်ပါရပိုင်ခွင့်များ ရှိပါသည်-

(a) ထောက်ပံ့ထားသည့်သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းများပေးအပ်ခြင်းတွင် ပြဿနာများ ပေါ်ပေါက်လာသော အခါ မှတ်ပုံတင်ပံ့ပိုးပေးသူများထံမှ ပွင့်လင်းသော ဆက်သွယ်မှုနှင့် ပံ့ပိုးကူညီမှုအပြင်

(b) လက်တုံ့ပြန်ခြင်းကို ကြောက်ရွံ့စရာမလိုဘဲ၊ လူတစ်ဦးချင်းထံသို့ ထောက်ပံ့ထားသည့် သက်ကြီးစောင့်ရှောက်ရေး လုပ်ငန်းများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ တုံ့ပြန်နိုင်သည့်စနစ်တစ်ခုကို အသုံးပြု၍ တိုင်ကြားနိုင်ခွင့်အပြင်

(c) လူတစ်ဦးချင်းစီ၏ တိုင်ကြားချက်များကို တရားမျှတစွာနှင့် ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်မှု ရပိုင်ခွင့်။

*အကျိုးဆောင်သူများ၊ သိသာထင်ရှားသော ပုဂ္ဂိုလ်များနှင့် လူမှုရေးဆိုင်ရာ ချိတ်ဆက်မှုများ*

(10) ဤအပိုင်းပါ လူတစ်ဦးချင်းစီ၏အခွင့်အရေးများကို နားလည်သဘောပေါက်စေပြီး ကျင့်သုံးခြင်း သို့မဟုတ် ရှာဖွေခြင်း၊ လူတစ်ဦးချင်းစီ၏ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုခြင်း၊ လူတစ်ဦးချင်းစီ၏ဘဝအပေါ် အကျိုးသက်ရောက်စေသော ဆုံးဖြတ်ချက်များချခြင်းနှင့် တိုင်ကြားခြင်း သို့မဟုတ် တုံ့ပြန်ချက်ပေးခြင်း အပါအဝင် လူတစ်ဦးချင်းစီ၏ ရွေးချယ်မှုအပေါ် အကျိုးဆောင်သူ သို့မဟုတ် အခြားသူ၏ ပံ့ပိုးပေးမှုကို လူတစ်ဦးချင်း ရပိုင်ခွင့် ရှိပါသည်။

(11) လူတစ်ဦးချင်းစီတွင် ပြုစုစောင့်ရှောက်သူများ၊ လာရောက်ကြည့်ရှုသူများနှင့် စေတနာ့ဝန်ထမ်းများ အပါအဝင် လူတစ်ဦးချင်းစီအတွက် အရေးပါသော ပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍကို အသိအမှတ်ပြု လေးစားခံရရန် အခွင့်အရေးရှိသည်။

(12) လူတစ်ဦးချင်းစီတွင် အခွင့်အလမ်းများနှင့် အကူအညီများအတွက် ချိတ်ဆက်ရာတွင် (ထိုလူတစ်ဦးချင်းက ရွေးချယ်ပါက) အောက်ပါသူများနှင့် ဆက်သွယ်နိုင်ခွင့် ရှိပါသည်-

(a) လူတစ်ဦးချင်းစီ၏ဘဝနှင့် အိမ်မွေးတိရစ္ဆာန်များတွင် အရေးပါသောပုဂ္ဂိုလ်များ၊ ဥပမာအားဖြင့် မိသားစုဝင်များ၊ သူငယ်ချင်းများ၊ စေတနာ့ဝန်ထမ်းများ သို့မဟုတ် မိသားစုဝင်များ သို့မဟုတ် သူငယ်ချင်းများထံ လာရောက်လည်ပတ်သည့် အခြားဧည့်သည်များအပြင်

(b) လူတစ်ဦးချင်း၏ လူမှုအသိုင်းအဝိုင်းများ၊ ဥပမာအားဖြင့် အများသူငှာဘဝနှင့် အပန်းဖြေမှု၊ ဓလေ့ထုံးစံ၊ ဘာသာရေးနှင့် လူနေမှုပုံစံသည့် လှုပ်ရှားမှုများတွင် ပါဝင်ခြင်းအပြင်

(c) အကယ်၍ လူတစ်ဦးချင်းစီသည် ဌာနေကျွန်းသား သို့မဟုတ် တောရက်စ်ရေလက်ကြားကျွန်းသားများ ဖြစ်ပါက လူမှုအသိုက်အဝန်း၊ နေရာအရပ်နှင့် ကျွန်းဇာတိ။

(13) လူတစ်ဦးတစ်ယောက်သည် လူတစ်ဦးချင်းရွေးချယ်သည့်အချိန်တိုင်း၊ လူတစ်ဦးချင်းမှသတ်မှတ်ထားသောပုဂ္ဂိုလ် သို့မဟုတ် သင့်လျော်သောအာဏာပိုင်မှသတ်မှတ်ထားသောပုဂ္ဂိုလ်အား အချိန်မရွေး တွေ့နိုင်ခွင့်ရှိပါသည်။